## ၂၇.၁၁.၂၀၁၉ ရက်နေ့နောက်ဆုံးရောက်ရှိနံပါတ်များ

| | |
|---|---|
| 9Q | 8121 |
| HH | 4047 |
| 8M | 8859 |
| 9V | 61574 |
| 74W | 59319 |
| 16U | 6209 |
| 2TLR | 2610 |
| HSE | 6049 |

(က)

**ခေါင်းဆောင်မှု သို့မဟုတ် Leadership ဆိုသော** စကားလုံးကို နေရာအတော်များများတွင် လူတိုင်းနီးပါးလောက် ကြားဖူးကြမည် ဖြစ်သည်။ နေရာဒေသကိုလိုက်၍ ကြားပုံကြားနည်း ကွာခြားမည်။ အချိန်အခါနှင့် လူပုဂ္ဂိုလ်ပေါ်

မူတည်၍ မြင်ပုံမြင်နည်း ကွာခြားမည်။ မည်သို့ပင်ဖြစ်စေ ခေါင်းဆောင်မှုဆိုသော ဝေါဟာရတစ်ရပ်သည် လူ့လောက၊ လူ့အဖွဲ့အစည်းအတွင်း ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရပ်တည်လုပ်ဆောင်နေကြသော လူစုလူဝေး၊ အဖွဲ့အသင်းနှင့် လူမျိုး၊ နိုင်ငံ အစရှိသည့် အရာအားလုံးတို့အတွက် မရှိမဖြစ် အရေးကြီးသော အရာတစ်ခု ဖြစ်ခြင်းကို မူ ကမ္ဘာဦးကတည်းကလူသားတို့လက်ခံလာခဲ့ကြပြီးဖြစ်၏။

(ခ)

စာဆန်ဆန်၊ ဟိုအချက် ဒီအချက်များအား ကိုးကား မပြောမီ ခေါင်းဆောင်ကောင်း တစ်ယောက်၏ အင်္ဂါရပ်များကို မိမိကိုယ်တိုင် မိမိ ဆန္ဒများပေါ်တွင် အခြေတည်၍ စိတ်ကူး သတ်မှတ် ကြည့်နိုင်သည်။ ပထမဆုံး အချက်အနေဖြင့် ခေါင်းဆောင်ဟူသည် အားလုံးတို့ထက် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့တွင် အမြင်ကျယ်ပြန့် နှံ့စပ်သူ ဖြစ်ရမည်။ ယေဘူယျဆန်အောင် ပြောလိုက်ခြင်း ဖြစ်၏။ ဆိုလိုရင်းမှာ ခေါင်းဆောင်နှင့် ခေါင်းဆောင်လုပ်သူ အဖွဲ့အစည်း၏ သက်ဆိုင်ရာ နယ်ပယ်တွင် အမြင်ကျယ်ကျယ်ပြန့်ပြန့် ရှိရန်ကို ဆိုလိုခြင်း ဖြစ်သည်။ ခေါင်းဆောင်လုပ်သူ ကိုယ်တိုင်ကမှ နွားခြေရာခွက်ထဲလောက်ကို မျက်စိတစ်ဆုံး ကြည့်ရှုနေလျှင် နောက်လိုက်အပေါင်းတို့ကားစုံလုံးကန်းရန်သာရှိတော့၏ဒုတိယအချက် အနေဖြင့် မိမိသိသကဲ့သို့၊ မိမိမြင်သကဲ့သို့ အမြင်များအား မိမိနောက်လိုက်အပေါင်းတို့အား သိရှိ နားလည်လာအောင်၊ မြင်တတ်၊ ကြည့်တတ်လာအောင် ပြောဟောခြင်း၊ သင်ကြားပြသခြင်း၊ ကြည့်ရှုစောင်မခြင်း တို့အား ပြုလုပ်သင့်၏။ သို့မဟုတ်လျှင် မိမိနှင့် နောက်လိုက်တို့ကြား အမြင်မတူညီမှုကြောင့် မည်သည့်အခါမှ နားလည်မှု၊ သဘောတူညီမှု ရရှိလိမ့်မည်မဟုတ်ပဲ ထိုအဖွဲ့အစည်းသည်လည်း မည်မျှပင် အင်အားကြီးမားသည် ဖြစ်စေ စုံးစုံးမြုပ်၊ ကျရှုံးလိမ့်မည်သာ ဖြစ်၏။ တတိယအချက်အနေဖြင့် ခေါင်းဆောင်ဟူသည် မည်သည့်အခြေအနေ၌မဆို အဖွဲ့အစည်း၏ အကျိုးစီးပွားအပေါ်တွင် အမြဲသစ္စာရှိပြီး၊ အစဉ်သဖြေ့ ရိုးသားဖြောင့်မတ်ကာ တည်ကြည်မှု ဂုဏ်သိက္ခာနှင့် ရဲရင့်ပြည့်စုံသူ ဖြစ်ရမည်။ အဖွဲ့အစည်းဆိုရာတွင် Company တစ်ခုဆိုလျှင်လည်း Company တစ်ခုအလျောက်၊ အဖွဲ့အသင်း ဆိုလျှင်လည်း အဖွဲ့အသင်းအလျောက် နောက်ဆုံး နိုင်ငံ၊ ကမ္ဘာနှင့် ချီကာ သူ၏ တာဝန်ခံရမှု၊ တာဝန်ယူရမှုတို့အပေါ်တွင် မူတည်၍ အဆိုပါ အဖွဲ့အစည်း၊ မြို့ပြ၊ နိုင်ငံ၊ ကမ္ဘာ တစ်ခုလုံး အပေါ်တွင် ရဲရဲရင့်ရင့် သစ္စာရှိသူ ဖြစ်ရမည်ဟု ဆိုလို၏။ လိုတစ်မျိုး၊ မလိုတစ်မျိုး၊ လိုအပ်သလိုထားသော သစ္စာနှင့် ရိုးဖြောင့်မှုကို အသုံးချကာ ကိုယ်ကျိုးရှာ ခြင်း၊ သူရဲဘောကြောင်ခြင်းသည်ခေါင်းဆောင်သူ၏အင်္ဂါရပ်မဟုတ်ပေ။

(ဂ)

ဤနေရာတွင် တစ်ချက်ကို မြုပ်ထားခဲ့သည်ကို တွေးတောကြည့်နိုင်သည်။ အချို့သော ခေါင်းဆောင်မှု၏ အရည်အချင်းနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုသူများက ခေါင်းဆောင်ဟူသည် အများ လေးစားဖွယ်ဖြစ်သော သူတစ်ဦး ဖြစ်ရမည် စသည်ဖြင့် သတ်မှတ်ကြသည်များကိုလည်း ဖတ်ရှုလေ့လာဖူးခဲ့၏။ အမှန်တွင် ရိုးသားဖြောင့်မတ်ခြင်း၊ မိမိ၏ သက်ဆိုင်ရာ လူ့ဘောင်အဖွဲ့အစည်းအပေါ်တွင် အမြဲသစ္စာရှိခြင်းနှင့် ကိုယ်ကျိုးမကြည့်၊ ရဲရင့်စွန့်စားခြင်း စသော အင်္ဂါရပ်များတို့ တစ်ဆက်တစ်စပ်တည်း ပြည့်စုံနေလျှင်ပင် ထိုကဲ့သို့သော လူမျိုး၌ လူတိုင်းလေးစားဖွယ် ရာ အရည်အချင်းများ အလိုအလျောက် ရှိလာမည်မှာ မလွဲကေန်ပင် ဖြစ်ပြီး ထိုကဲ့သို့သော ခေါင်းဆောင် ကိုယ်၌ လည်း လူတိုင်းအား သူ့သွေး၊ ကိုယ့်သား မခွဲခြားပဲ လေးစားစွာ ဆက်ဆံတတ်ခြင်း ဟူသော အရည်အချင်း တစ်ရပ် မုချရှိနေလိမ့်မည်ဖြစ်သည်။

ထိုမှတစ်ပါး မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် အသုံးချရန် နောက်လိုက်အဖွဲ့အစည်းနှင့် လူထု၏ လေးစားမှုကို ရရှိအောင် တမင်တကာ လုပ်ယူဖန်တီးခြင်းကား တစ်ဖက်မှ ပြန်စဉ်းစားကြည့်လျှင် တစ်ဖက်လှည့်နှင့် လိမ်လည် လှည့်ဖျားဖို့ ကြိုးစားနေခြင်းပင်ဖြစ်ပြီး ရည်ရွယ်ချက်မှာလည်း ကိုယ်ကျိုးအတွက်သာ ဖြစ်သောကြောင့် ထိုကဲ့သို့ လုပ်ယူသော လေးစားမှုသည်လည်း မည်မျှ ကြာမြင့်စွာ ခံလေမည်နည်း။ ထိုသို့သော လူမျိုးအားလည်း မည်သူက ခေါင်းဆောင်ဟုသတ်မှတ်လေမည်နည်း။

(ဃ)

အမှန်တော့ ခေါင်းဆောင်ဆိုသူများသည်လည်း တစ်သီးတစ်ခြားစီနှင့် တစ်မျိုးတစ်ဘာသာစီ ဖြစ်ထွန်းမွေးဖွားလာသူများ မဟုတ်ကြချေ။ ကိုယ့်ကိုယ်ကို ခေါင်းဆောင်ဟူ၍လည်း မည်သည့်အခါမှ သတ်မှတ်ထားခဲ့ကြသူများ မဟုတ်ကြ။ သူတို့၏ တမင်တကာ လျို့ဝှက်မထားသော လျို့ဝှက်ချက်များကား အမြင်ကျယ်ပြန့်မှု၊ အစဉ်တစ်စိုက် ရိုးသားရဲရင့်မှုနှင့် ကိုယ်ကျိုးမရှာ လူ့အဖွဲ့အစည်းအပေါ်တွင် အမြဲသစ္စာစောင့်သိမှုတို့ပင် ဖြစ်ကြ၏။ အံ့သြဖွယ် မှန်ကန်ချက်တစ်ခုကား အထက်ပါ အချက်သုံးချက်ခန့်ကို လူတိုင်း အသေအချာ၊ ပယ်ပယ်နယ်နယ် လိုက်နာကျင့်သုံးနိုင်ကြမည်ဆိုလျှင် လူတိုင်း ခေါင်းဆောင်များချည်း သာတည်း။ သို့ဖြစ်၍ ၎င်းကဲ့သို့သော အဖွဲ့အစည်း တွင် နောက်လိုက်ဘယ်မှာနည်း ဟု ဝွကျကျလည်း ထပ်မံ မေးမြန်းရန် မလိုအပ်။ ထိုကဲ့သို့ လူတိုင်း တည်ကြည်ဖြောင့်မတ်ကာ၊ မိမိသက်ဆိုင်ရာ အဖွဲ့အစည်း၊ လူ့လောကအတွက် သစ္စာရှိသူ၊ ကိုယ်ကျိုးစွန့်လိုသူချည်းများသာ ဖြစ်ကြလျှင် ထိုသို့သော လောက၊ အဖွဲ့အစည်းအတွင်းတွင် ခေါင်းဆောင်၊ နောက်လိုက် ဟူသည် ဝေါဟာရ တစ်ရပ်အဖြစ်သာ ကျန်ရှိလိမ့်မည် ဖြစ်ပြီး အခြားသော သူသာသည်၊ ကိုယ်နာသည်ဟူသည့် အယူအဆများ၊ အဓိပ္ပာယ်များ သာမန်လူ့အဖွဲ့အစည်းများ အတွင်းမှာကဲ့သို့ အဆိုပါ ဝေါဟာရများ နောက်မှ လိုက်ပါလာရန် မရှိတော့ပေ။

ထိုသို့သော လောက၊ အဖွဲ့အစည်းအတွင်းတွင် အချင်းချင်း လုပ်ကိုင်၊ ပြောဆို၊ ဆက်ဆံ ဆောင်ရွက်ရာတွင် လည်း လူတိုင်း၏ ထားရှိသော အခြေခံစိတ်ဓာတ်များ မြင့်မားမှုကြောင့် ခေါင်းဆောင်မှု ပေးသူနှင့် လိုက်ပါ လုပ်ဆောင်သူတို့ကြားတွင် ကြီးမားသော ကွာဟချက်များ မရှိတော့ပဲ တစ်ဦးနှင့် တစ်ဦး အပြန်အလှန်လေးစားမှု ဖြင့်သာ ပွင့်လင်း၊ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ကြပေလိမ့်မည်။ တစ်ခုတည်းသော ဘုံခံယူချက်နှင့် တစ်ကြောင်းတည်းသော ဘုံရပ်တည်ချက်ဖြစ်သည့် မိမိသက်ဆိုင်ရာ လူ့ဘောင်အဖွဲ့အစည်း၏ အကျိုးစီးပွား အပေါ်တွင် သစ္စာစောင့်သိမှု၊ ကိုယ်ကျိုးမငဲ့မှု ဟူသော အချက်က မည်သူ့ကို မဆို ခေါင်းဆာင် လုပ်ရသည်ဖြစ်စေ၊ နောက်လိုက် လုပ်ရသည်ဖြစ်စေတူညီသောကျေနပ်၊ဝမ်းမြောက်၊ဂုဏ်ယူမှုကိုပေးစွမ်းလိမ့်မည်ဖြစ်၏။

(င)

သို့ဖြစ်ရာ ခေါင်းဆောင်မှု၏ နောက်ဆုံး အန္တိမ အဓိပ္ပာယ်ကား အသို့နည်း။ မိမိဦးဆောင်သော လူ့အဖွဲ့အစည်း တစ်ခုလုံးရှိ လူသားအားလုံးကို ခေါင်းဆောင်တို့၏ စိတ်ဓာတ်နှင့် ခေါင်းဆောင်တို့၏ အမူအကျင့်များ ရရှိ ဖြစ်ပေါ်လာအောင် လေ့ကျင့်၊ပြုစုပျိုးထောင်၊ ဦးဆောင်မှုပေးခြင်း ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့် ဆိုလို၏။ အရှင်းလင်းဆုံးနှင့် အထင်ရှားဆုံး ဥပမာကား ရှိခဲ့ပြီးချေပြီ။ ကြီးကျယ်သော ခေါင်းဆောင်နှင့် မြင့်မြတ်သော အဖွဲ့အစည်း။ မည်သူတို့နည်း။ ငယ်မည် သိဒ္ဓတ္ထ ဟု တွင်သော ဂေါတမ ဗုဒ္ဓ နှင့် သူ၏ နောက်ပါ အဖွဲ့အစည်း တပည့်သာဝက သံဃာများပင်တည်း။ ဂေါတမ ဗုဒ္ဓ ကား သူတည်ရှိခဲ့ရာ ကာလ ဘီစီ - ၅၆၃ မှ ဘီစီ - ၄၈၃ ၊ သက်တမ်း - နှစ်ပေါင်း (၈၀) အတွင်း ဤ လောက၊ ဤ လူ့ဘောင်အတွင်း အအောင်မြင်ဆုံးနှင့် အငြိမ်းချမ်းဆုံးသော အဖွဲ့ အစည်းတစ်ခုကို ဂရုဏာ၊ လေးစားမှုနှင့် ငြိမ်းချမ်းမှုတို့ကို အရင်းပြု၍ ခိုင်ခံ့စွာ ဦးဆောင်လမ်းပြ တည်ထောင် သွားခဲ့ချေသည်။ သူမြင်သကဲ့သို့ သူဟောခဲ့သည်။ သူသိသကဲ့သို့ သူပြောခဲ့သည်။ မချွင်းမချန် အားလုံး အမှန် တရားများသာ ဖြစ်ကြောင်း။ သို့သော် သူလုပ်ခဲ့၊ သူဟောခဲ့သည်များကား သူ့ကိုယ်ကျိုးမဟုတ်၊ ခေါင်းဆောင် ဖြစ်လို၍ မဟုတ်။ လောကအကျိုး၊ အများအကျိုး မျှသာ။ ထို့အပြင် သူပြောတိုင်း၊ ယုံကြည်လောက်သော သူပြော တိုင်း၊ စာထဲပေထဲပါသည်ဟုပြောတိုင်း မျက်စိမှိတ် ယုံစရာမလို၊ ကိုယ်တိုင် လေ့လာသုံးသပ်ပြီး၊ လက်ခံမှ ယုံဟူ သော ရဲရဲတောက် ပြောကြားချက်များ အပါအဝင် သူဟောသော၊ သူပြောသော စကားများအတွင်း၌ပင် သူကဲ့သို့ သော ကြီးကျယ်၊ မြင့်မြတ်သူ ဖြစ်လိုလျှင် ဖြစ်နိုင်သောနည်းများကလည်း ပါချေသေး၏။ မည်မျှလောက် ကြီး ကျယ်သော ခေါင်းဆောင်ပါပေနည်း။

(စ)

အနှစ်ချုပ်ရလျှင် ခေါင်းဆောင်မှု၊ ခေါင်းဆောင်၊ ခေါင်းဆောင်ကျင့်ဝတ် စသည့် အရာအားလုံးတို့သည် ကမ္ဘာ တည်သရွေ့၊ လူ့ဘောင် အဖွဲ့အစည်းများ တည်ရှိသရွေ့ လူသားတို့၏ လိုအပ်ချက်အရ တည်ရှိနေကြဦးမည့် အရာများဖြစ်ကြ၏။ ဤနေရာတွင် ခေါင်းဆောင်လုပ်သူသည် ဦးစွာ မိမိကိုယ်တိုင် ကမ္ဘာ့ဆန်သော (တစ်ချိန်ချိန် တွင် စကြာဝဠာဆန်လာနိုင်ပြီး၊ ယခုပင် အစပျိုးနေချေပြီ) အမြင်မျိုး၊ အသိဉာဏ်မျိုး ရှိရန်လိုအပ်ပြီး မိမိသိသကဲ့ သို့ မိမိ နောက်ပါ အဖွဲ့အစည်းသိရှိအောင်၊ မိမိမြင်သကဲ့သို့ မိမိနောက်လိုက်လူများ မြင်တတ်အောင် သင်ကြား၊ ဦးဆောင် လမ်းပြတတ်ရန် လိုအပ်မည်ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်နှင့်မဆို လေးစားမှုကို အရင်းခံသော လွတ်လပ်၊ ပွင့်လင်းသည့် ဆက်ဆံရေးမျိုး ထားရှိအပ်၏။ အဆုံးစွန်သော အဓိပ္ပာယ်ကား မိမိ၏ လူ့အဖွဲ့အစည်း တစ်ခုလုံးကို ခေါင်းဆောင်တို့၏ အရည်အချင်းမျိုး နားလည်၊ ဖြစ်ပေါ် တည်ရှိလာအောင် ရည်ရွယ်လုပ်ဆောင်နိုင် သော လွန်စွာမှ ကြီးကျယ်မြင့်မြတ်သည့် ခေါင်းဆောင်မှုမျိုး ပေးခြင်းပင်တည်း။

ပိုမိုတာဝန်ကြီးတဲ့ ရာထူးတစ်ခုကို လျှောက်ထားလိုတဲ့အခါဖြစ်ဖြစ်၊ မိမိလက်ရှိလုပ်နေတဲ့ ကုမ္ပဏီက ပေးအပ်လာတဲ့ တာဝန်ကြီးတစ်ခုကိုလက်ခံဖို့အတွက်ပဲ ဖြစ်ဖြစ် သင့်စိတ်ထဲမှာ မိမိရဲ့ ခေါင်းဆောင်နိုင်စွမ်းအရည်အချင်းကို ဇဝေဇဝါဖြစ်နေပါသလား။ တကယ်တမ်းကျတော့ သင့်မှာ

ခေါင်းဆောင်အရည်အချင်းပြည့်ဝနေပါလျှက်နဲ့ ကိုယ့်ဘာသာ သတိမထားမိတာလည်း ဖြစ်နေနိုင်ပါတယ်။ ဒါကြောင့် သင့်ရဲ့ခေါင်းဆောင်နိုင်စွမ်းအရည်အချင်းကို ဆန်းစစ်နိုင်ဖို့ **ခေါင်းဆောင်** တစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အသွေးတွေကို ဖော်ပြပေးလိုက်ပါတယ်။

**(၁) လူတွေက သင့်ဆီမှာအကြံဉာဏ်လာတောင်းလေ့ရှိကြတယ်**

သင်ဟာ သူများဆီကအကြံဉာဏ်ယူတဲ့ အကြိမ်အရေအတွက်ထက် သူများကိုအကြံပေးတဲ့အကြိမ်အရေအတွက်ပိုများတယ်ဆိုရင် ဒါဟာ သင့်အမြင်ကိုတန်ဖိုးထားတဲ့သူတွေ ရှိနေပြီး သင်ဟာ လူတွေကိုကူညီနိုင်စွမ်းလည်းရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ တစ်စုံတယောက်အခက်အခဲကြုံနေချိန်မှာ ဖြေရှင်းနိုင်တဲ့အကြံဉာဏ်ကို ပေးနိုင်တာဟာ ထိုလူနဲ့ ပွင့်လင်းစွာဆွေးနွေးနိုင်လို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ခေါင်းဆောင်တွေမှာသာ ရှိတဲ့အရည်အချင်းမျိုးဖြစ်ပြီး လူတွေကလည်း ပွင့်ပွင့်လင်းလင်းနဲ့ ပြောဆိုဆွေးနွေးတတ်သူရဲ့ခေါင်းဆောင်မှုကိုသာ လိုက်နာချင်တတ်ကြပါတယ်။

**(၂) ဘယ်လောက်ပဲခက်ခဲနေပါစေ သင်ဟာ အပြုံးမပျက်နေနိုင်တယ်**

ခေါင်းဆောင်နိုင်စွမ်းရှိသူတွေဟာ ဘယ်လိုအနေအထားပဲဖြစ်ပါစေ အပြုံးမပျက်နေနိုင်ကြပါတယ်။ သင့်ကို ဒေါသတကြီးနဲ့ ဆူပူအော်ဟစ်နေသူရှေ့မှာ အေးအေးဆေးဆေးနဲ့ ခေါင်းညိတ်နေနိုင် တယ်ဆိုရင် သင့်ရဲ့စိတ်တည်ငြိမ်မှုဟာ ခေါင်းဆောင်အရည်အသွေးကို ပြည့်မီနေပြီဖြစ်ပါတယ်။ အခြေအနေတိုင်းမှာ စိတ်တည်ငြိမ်စွာနဲ့ အရာရာကို ထိန်းထားနိုင်တာဟာ ခေါင်းဆောင်တစ်ယောက်မှာ ရှိကိုရှိရမယ့် အရည်အသွေးဖြစ်ပြီး ကုမ္ပဏီတွေကလည်း ဒီလိုခေါင်းဆောင်မျိုးကိုပဲ ရှာဖွေနေကြတာဖြစ်ပါတယ်။

**(၃) သင်ဟာ စိတ်ကို ဖွင့်ထားနိုင်တယ်**

မိမိရဲ့စိတ်ကိုဖွင့်ပြီး သူတပါးရဲ့ အကြံဉာဏ်တွေကို အပြုသဘောဆန်တဲ့အမြင်နဲ့ လက်ခံနားထောင်ပေးနိုင်တာဟာ ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အသွေးပါပဲ။ သူတပါးရဲ့ အကြံဉာဏ်တွေကို လေ့လာဆန်းစစ်ပြီး ပိုမိုကောင်းမွန်လာအောင် အသုံးချနိုင်တယ်ဆိုရင်တော့ သိပ်ကိုတော်တဲ့ခေါင်းဆောင်တစ်ယောက်အဖြစ် ထင်ပေါ်လာမှာအသေအချာပါပဲ။

**(၄) သင်ဟာ ပြောသင့်တာကို မချန်မလှပ်ပဲပြောတယ်**

တစ်စုံတယောက်က သူတို့ရဲ့အခက်အခဲတွေကို ကူညီဖြေရှင်းပေးဖို့ အကြံဉာဏ်လာရောက်တောင်းခံတဲ့အခါ ပြောသင့်ပြောထိုက်တဲ့စကားကို မချန်မလှပ်ပဲပြောရဲတာဟာ ခေါင်းဆောင် တစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့အရည်အချင်းပါ။ ထိုသူက မကြိုက်တဲ့စကားမျိုးဖြစ်နေရင်တောင် မပြောပဲချန်ထားတာမျိုးမလုပ်ပဲအမှန်ကိုအမှန်အတိုင်းပြောကြရမှာဖြစ်ပါတယ်။ လုပ်ငန်းခွင်မှာဆိုရင်လည်း အစည်းအဝေးကျင်းပပြီး ဝန်ထမ်းတွေရဲ့လုပ်ဆောင်ချက်တွေကို ဝေဖန်ဆွေးနွေးတာမျိုးလုပ်ရသလို တစ်ခါတလေမှာ အရည်အသွေးညံ့တဲ့ဝန်ထမ်းကို အလုပ်က ထုတ်လိုက်ရတာမျိုးထိတောင် တွေ့ကြုံရမှာဖြစ်တဲ့အတွက် စိတ်ခါတ်ကြံ့ခိုင်တဲ့လူအဖြစ် မိမိကိုယ်မိမိမွေးမြူရမှာဖြစ်ပါတယ်။

**(၅) သင်ဟာ ပင်ပန်းငြီးငွေ့နေတဲ့အချိန်မှာတောင် တာဝန်ကိုထမ်းဆောင်တယ်**

တခါတလေ ဘဝဟာ သိပ်ကို စိတ်ပျက်ငြီးငွေ့ဖွယ်ရာဖြစ်တတ်ပြီး အိပ်ရာထဲမှာပဲ ခွေလှဲကာ နေချင်တဲ့နေ့တွေရှိတတ်ပါတယ်။အိပ်ရာထဲခွေနေလိုက်ထပြီးထမင်းစားလိုက်ပြီးရင်ပြန်အိပ်လိုက်နဲ့တစ်နေ့

တလေကို အဲလိုနေချင်ရင်တောင် မဖြစ်မနေ ကုန်းရုန်းထပြီး အလုပ်တာဝန်ကို ထမ်းဆောင်ကြတာ ဟာ ခေါင်းဆောင်စိတ်ပဲဖြစ်ပါတယ်။ ကိုယ်တစ်ရက် အလုပ်မသွားတာနဲ့ သူများတွေဝန်ပိမှာကို ထည့်တွက်ပေးပြီး အလုပ်ကိုရောက်အောင်လာပြီး တာဝန်ထမ်းဆောင်တတ်သူဟာ ခေါင်းဆောင်စိတ်ရှိသူပါပဲ။

### (၆) သင်ဟာ လူတိုင်းကို တန်းတူဆက်ဆံတယ်

အလုပ်မှာပဲဖြစ်ဖြစ် ကျောင်းမှာပဲဖြစ်ဖြစ် အိမ်မှာပဲဖြစ်ဖြစ် လူတိုင်းကို တန်းတူဆက်ဆံတတ်တာ ဟာ ခေါင်းဆောင်အရည်အသွေးပဲဖြစ်ပါတယ်။ မိမိမှာ စိတ်ညစ်စရာတွေ ဘယ်လောက်ပဲ ရှိနေ ပါစေ ထိုခံစားချက်ကို တခြားလူတွေဆီမှာ သက်ရောက်မှုမရှိစေပဲ အမြဲတမ်း ပုံမှန်ပြောဆိုဆက်ဆံ နိုင်ရပါမယ်။ မိမိရဲ့ကိုယ်ရေးကိုယ်တာတွေကို အလုပ်ပြင်ပမှာ ချန်ထားနိုင်တဲ့အရည်အချင်းမျိုး သင့်မှာရှိနေရင် ဒါဟာဂုဏ်ယူစရာအရည်အချင်းတစ်ခုဖြစ်လို့ ဂမ်းသာဂုဏ်ယူလိုက်ပါ။

### (၇) သင်ဟာ လိုအပ်တဲ့အခါ သူများအကူအညီယူဖို့ မရှက်ကြောက်ဘူး

ခေါင်းဆောင်ဟာလည်း လူပဲဆိုတော့ အားလုံးပြည့်စုံနေတာမဟုတ်ပါဘူး။ တစ်ခုခုကို ရွေးချယ်ဆုံးဖြတ်တဲ့နေရာမှာ ယုံကြည်မှုအပြည့်နဲ့ဆုံးဖြတ်နိုင်ကြတဲ့အရည်အချင်းရှိသလိုပဲ မိမိရွေးချယ်တဲ့ လမ်းကြောင်း ပန်းတိုင်ကို ရောက်ဖို့သူများတွေဆီမှာ အကြံဉာဏ်နဲ့ အကူအညီတောင်းဖို့ကိုလည်း တွန့်ဆုတ်မနေတတ်တာဟာ ခေါင်းဆောင်ကောင်းတွေရဲ့ အရည်အသွေးတစ်ခုပါ။ ကိုယ်မသိတာ မတတ်တာကို ဖုံးကွယ်မထားပဲ သူများအကူအညီကို တောင်းခံရယူတတ်မှသာ အောင်မြင်မှုတွေကို ရယူနိုင်တဲ့ ခေါင်းဆောင်ကောင်းရဲ့ အရည်အသွေးနဲ့ ပြည့်စုံမှာဖြစ်ပါတယ်။

### (၈) သင်ဟာ သူများတွေကို အကျိုးမမျှော်ကိုးပဲ ကူညီတယ်

အလုပ်မှာ အချိန်မီမပြီးသေးတာတွေကို ဘယ်သူမှ မခိုင်းပဲ တစ်ယောက်တည်းဒိုင်ခံလုပ်ပေးခဲ့ဖူးတာတွေ၊ သူများက အကူအညီလိုအပ်နေတဲ့အခါ မငြီးမငြူပဲ စေတနာအပြည့်နဲ့ ကူညီခဲ့ဖူးတာတွေ ရှိခဲ့ဖူးရင် ဒါဟာ ခေါင်းဆောင်တွေမှာ ရှိတတ်တဲ့စိတ်ထားမျိုးဖြစ်လို့ မိမိကိုယ်ကို ဂုဏ်ယူလိုက်ပါ။ အကျိုးတစ်စုံတရာကို မမျှော်ကိုးပဲ လိုအပ်တဲ့အကူအညီမျိုး လုပ်ဆောင်ချက်မျိုးကို စေတနာပါပါလုပ်ပေးတတ်တာဟာ သိပ်ကို လိုအပ်တဲ့ခေါင်းဆောင်ကောင်းရဲ့ အရည်အသွေးတစ်ခုပါပဲ။